## မာတိကာ


- ပွဲစားဆိုတာ .... က
- ၁။ မီးလောင်ပြင် ၁
- ၂။ ငါးခြောက် (ငခြောက်) ၇
- ၃။ ဘုန်းကြီးတစ်လက်ကိုင် ၁၅
- ၄။ အာရကော ၂၃
- ၅။ ပီနံကျ ၂၉
- ၆။ လှူစာမှုန့် ၃၇
- ၇။ ဖား ၄၅
- ၈။ ၄၅၀၀ ၅၃
- ၉။ ငါးချိတ် ၆၁
- ၁၀။ စပေါ့တ် ၆၉
- ၁၁။ အာရ်တီအေ ၇၇
- ၁၂။ ပရုတ်လုံး ၈၅
- ၁၃။ ကျွတ်ကျွက်လီ ၉၃
- ၁၄။ စာသမားပွဲစား ၁၀၁
- ၁၅။ ဆလပ် ၁၀၉
- ၁၆။ အကြွေ ၁၁၇
- ၁၇။ လေးဘီးမှ နှစ်ဘီး ၁၂၅
- ၁၈။ ရွှေအိမ်စည် ၁၃၃
- ၁၉။ ကားပင်း ၁၄၁
- ၂၀။ ပွဲစားလက်ချာ ၁၄၉
- ၂၁။ တစ်ရှူးပေပါ ၁၅၇
- ၂၂။ ကျောက်ပတ်တီး ၁၆၅
- ၂၃။ တက္ကသိုလ်သုံးခုဆင်း ၁၇၃
- ၂၄။ တစ်ဖြတ်မှုဆယ် (၁) ၁၈၁
- ၂၅။ တစ်ဖြတ်မှုဆယ် (၂) ၁၈၉
- ၂၆။ တစ်ဖြတ်မှုဆယ် (၃) ၁၉၇
- ၂၇။ ရောက်ပါပြီဗျို့ ၂၀၅
- ၂၈။ စာဖတ်သူများ ၂၁၃
- ၂၉။ တပည့် ၂၂၁
- ၃၀။ မြေ ၂၂၉
- ၃၁။ ပုဂံအလှ ဒေဝဒတ်များ ၂၃၇
- ၃၂။ ထိပ်တိုက် ၂၄၅
- ၃၃။ နေပူထဲက မီးတောက်များ ၂၅၃
- ၃၄။ ခေါင်းပြောင်း ၂၆၁
- ၃၅။ ဓယား ၂၆၉
- ၃၆။ ကြက်သွန် ၂၇၇
- ၃၇။ မွှေးမွှေး ၂၈၅
- ၃၈။ လူချော ၂၉၃
- ၃၉။ **brand** ဘရစ် ဘရစ် ၃၀၁
- ၄၀။ မမိုက်ဘူး ၃၀၉
- ၄၁။ အာကျယ် ၃၁၇
- ၄၂။ မွေးဌာနီ ၃၂၅
- ၄၃။ ဂစ်တာသက် ၃၃၃


■

# ပွဲစားဆိုတာ • • •

တောက စိုက်ပျိုးရိတ်သိမ်းခဲ့လို့ ထွက်ရှိတဲ့ ကောက်ပဲသီးနှံကို ရောင်းချချင်တဲ့အခါ မြို့ကိုယူလာပြီး ပွဲရုံတစ်ရုံမှာ ဒီကုန်ပစ္စည်းကို ချတယ်။ ပွဲရုံက ဝယ်သူရှာပြီး စပ်ပေးတယ်။ အရောင်းအဝယ်ဖြစ်တဲ့အခါ ပွဲစားလုပ်သူက ဝယ်သူနဲ့ရောင်းသူအပေါ်က သူ့အတွက် 'ပွဲခ'ဆိုပြီး နှစ်ဦးသဘောတူတဲ့ ယူနေကျထုံးစံနှုန်းအတိုင်း ပွဲခတောင်းယူလိုက်ပါတယ်။ ပွဲခစားတဲ့အတွက် သူ့ကို 'ပွဲစား'လို့ခေါ်တာပါ။

ပွဲစားလုပ်သူအတွက် လိုအပ်တဲ့အရည်အသွေးကတော့ သူ့မှာ ဝယ်သူကရော ရောင်းသူကပါ ယုံမှတ်ခြင်းခံရတဲ့ သိက္ခာသမာဓိရှိဖို့ လိုပါတယ်။ တို့ပွဲစားဟာ နှစ်ဦးနှစ်ဖက်ကြားမှာ မျှမျှတတဖြစ်အောင် လုပ်ပေးနိုင်တယ်လို့ နှစ်ဖက်စလုံးက ယုံကြည်တာ ခံရဖို့လိုပါတယ်။

တကယ်ပြောရရင် ရောင်းရသူကလည်း သူ့ကုန်ပစ္စည်းကို ဈေးအမြင့်ဆုံး ရချင်တာပါ။ ဝယ်သူကလည်း ဈေးအချောင်ဆုံး ရချင်တာပါ။ အဲဒီလို ကြီးမားတဲ့ ပဋိပက္ခကြီး (၂) ခုအကြားမှာ ပွဲစားလုပ်သူက သဟဇာတ



အဖြစ်နိုင်ဆုံးဖြစ်သွားအောင် ကြိုးစားပေးသူပါပဲ။ ဒါကြောင့် ပွဲစားဆိုတာ သမာသမတ်လည်းရှိရတယ်။ မျှမျှတတ သဘောထားရတယ်။ အကင်းလည်း ပါးရတယ်။ လူကဲခတ်လည်း ကောင်းရတယ်။ စကားအပြောအဆိုမှာ ချေငံရည်မွန်ရတယ်။ နှစ်ဦးနှစ်ဖက်စလုံးရဲ့ ယုံကြည်ကိုးစားမှုကိုရရှိအောင် သိက္ခာသမာဓိလည်းရှိရပါတယ်။ ပြီးတော့ ထိုက်သင့်တဲ့ အရင်းအနှီးရှိဖို့လိုပါတယ်။

မန္တလေးသူမန္တလေးသားများ

■

**လူထုဒေါ်အမာ**